Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၃၁၅)

### "သူတို့ကိုစည်းရုံးပါ"

စက်တဘ်ာလအတွင်း မြန်မာပြည်တဝှမ်းလုံးမှာဖြစ်ပွားခဲ့တဲ့ သံဃာတော်တွေဦးဆောင်တဲ့ ငြိမ်းချမ်းစွာဆန္ဒပြပွဲတွေကို နအဖစစ်အစိုးရက စစ်တပ်တွေ၊ လုံထိန်းရဲတွေ၊ ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေကို အသုံးပြုပြီး အကြမ်းဖက်နှိပ်ကွပ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ နအဖရဲ့ အကြမ်းဖက်ဖြိုခွဲမှုတွေကြောင့် သံဃာတော်တွေနဲ့ ကျောင်းသားပြည်သူတွေ အများအပြား သေဆုံး၊ ဒဏ်ရာရခဲ့ကြတဲ့အပြင် ထောင်နဲ့ချီပြီးတော့လည်း ဖမ်းဆီးခံခဲ့ကြရပါတယ်။ အခုအချိန်မှာ ဆူပူအုံကြွမှုတွေမရှိတော့ပဲ တပြည်လုံး ပြန်လည် တည်ငြိမ်အေးချမ်းနေပါပြီလို့ နအဖပိုလ်ချုပ်တွေက ပြည်တွင်းပြည်ပမှာ ဝါဒဖြန့်ပြောဆိုနေကြပေမဲ့ လက်တွေ့မှာတော့ နအဖရဲ့ စစ်တပ်နဲ့ လုံထိန်းတပ်တွေထဲမှာတောင် အခြေအနေတွေ တည်ငြိမ်အေးချမ်းမှုမရှိသေးတာကို တွေ့မြင်ကြားသိနေရပါတယ်။

စက်တဘ်ာလ ဆန္ဒပြပွဲတွေအတွင်း သံဃာတော်တွေနဲ့ ကျောင်းသားပြည်သူတွေကို ရက်ရက်စက်စက် ပစ်ခတ်၊ ရိုက်နှက် သတ်ဖြတ်ခဲ့ကြရတဲ့ လုံထိန်းရဲတပ်ရင်းတွေနဲ့ တပ်မတော်တပ်ရင်းတပ်ဖွဲ့တွေအတွင်းမှာ တပ်ပြေးတွေ သိသိသာသာ များပြားလာတာကို တွေ့နေရပါတယ်။ တပ်ကထွက်မပြေးနိုင်တဲ့ တပ်ဖွဲ့ဝင်တွေနဲ့ အရာရှိတချို့ ကိုယ့်ကိုယ်ကိုသတ်သေတာတွေလည်း တွေ့ရပါတယ်။ စက်တဘ်ာလ(၁)ရက်နေ့ကနေ အောက်တိုဘာ(၃၁)ရက်နေ့အတွင်း တပြည်လုံးမှာရှိတဲ့ လုံထိန်းရဲတပ်ရင်း (၁၆)ခုကနေ ထွက်ပြေးတဲ့ရဲတပ်ဖွဲ့ဝင်ဦးရေဟာ (၁၀၀)ကျော်အထိရှိတာကို တွေ့ရပါတယ်။ ထွက်ပြေး၊ သတ်သေတဲ့ လုံထိန်းရဲတပ်သားအများစုဟာ ရန်ကုန်၊ မန္တလေးနဲ့ စစ်တွေမြို့တွေမှာ သံဃာတော်တွေနဲ့ ပြည်သူတွေကို အင်အားသုံး အကြမ်းဖက်နှိပ်ကွပ်ရာမှာ ပါဝင်ခဲ့သူတွေဖြစ်ပါတယ်။

အောက်တိုဘာ (၁၀)ရက်နေ့နဲ့ (၁၁)ရက်နေ့ ညဘက်မှာ မန္တလေးမြို့လုံခြုံရေးတာဝန်ကျ လုံထိန်းရဲတပ်ရင်း(၄)နဲ့ လုံထိန်းရဲတပ်ရင်း(၁၄)က ရဲတပ်သား တင်ထွေး၊ မြတ်စိုး၊ မင်းသူသောင်း၊ ဇော်သိန်း၊ လှဝင်းခိုင်နဲ့ ဆောင်းမင်းဦး တို့ တပ်ကို စွန့်ခွာ ထွက်ပြေးသွားခဲ့ကြပါတယ်။ သူတို့ဟာ စက်တဘ်ာ(၂၈)ရက်နေ့နဲ့ (၂၉) ရက်နေ့တွေမှာ ဖြစ်ပွားခဲ့တဲ့ မန္တလေးမြို့ပေါ်က သံဃာတော်တွေနဲ့ ပြည်သူလူထုရဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြပွဲတွေကို တပ်မ(၃၃)လက်အောက်ခံ ခလရ(၄)၊ ခလရ(၇၆)၊ ခမရ(၁၁)၊ တို့နဲ့အတူ အကြမ်းဖက်ဖြိုခွဲရာမှာ ပါဝင်ခဲ့ရသူတွေဖြစ်ကြောင်း သိရှိရပါတယ်။ နောက်ထပ်ဖြစ်ပွားလာမဲ့ ဆန္ဒပြပွဲတွေမှာ သံဃာတော်တွေနဲ့ ပြည်သူတွေကို အကြမ်းဖက် ပစ်ခတ်၊ ရိုက်နှက်သတ်ဖြတ်တာတွေ မလုပ်ချင်တော့လို့ သူတို့တပ်ကထွက်ပြေးဖို့ ဆုံးဖြတ်ရတာဖြစ်တယ်လို့ ကျန်ရစ်ခဲ့တဲ့သူငယ်ချင်းတစ်ဦးကို ပြောဆိုခဲ့ကြောင်း သိရှိရပါတယ်။

အောက်တိုဘာ(၁၆)ရက်နေ့ည (၉)နာရီလောက်က ရန်ကုန်မှာ လုံခြုံရေးတာဝန်ကျနေတဲ့ ရွှေပြည်သာအခြေစိုက် အမှတ်(၆) လုံထိန်းရဲတပ်ရင်းက ရဲတပ်သားဇော်ဝင်းဟာ ရုတ်တရက် စိတ်ဂယောင်ခြောက်ခြားဖြစ်ပြီး အင်းယားကန်အတွင်း ခုန်ချကာ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပါတယ်။ ရဲတပ်သား ဇော်ဝင်းဟာ စက်တဘ်ာလ(၂၆)ရက်နေ့ နေ့လည် (၁၁)နာရီက ရွှေတိဂုံဘုရားခြေရင်းမှာ သံဃာတွေနဲ့ကျောင်းသားပြည်သူတွေကို တပ်မ(၇၇)လက်အောက်ခံ ထောက်ကြံ့အခြေစိုက် ခမရ(၁၀၆)၊ ခမရ(၃၉၁)၊ မှော်ဘီအခြေစိုက် အမှတ်(၃) လုံထိန်းရဲတပ်ရင်းတို့နဲ့အတူ ပစ်ခတ်ရိုက်နှက် သတ်ဖြတ်ရာမှာ ပါဝင်

ကျူးလွန်ခဲ့ရတဲ့ လုံထိန်းရဲတပ်သားတစ်ဦးဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ စစ်တွေမြို့ သံဃာ့ဆန္ဒပြပွဲတွေကို အင်အားသုံး အကြမ်းဖက်ဖြိုခွင်းရာမှာ ပါဝင်ခဲ့ကြတဲ့ တပ်မ (၇၇)၊ တပ်မ(၆၆)၊ တပ်မ(၃၃)၊ တပ်မ(၅၅)နဲ့ ဒကစ(စစ်တွေ) လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့တွေမှာလည်း တပ်ပြေးမှုတွေ ပိုမိုဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။ အကြမ်းဖက်ရာမှာ ပါဝင်ခဲ့ကြတဲ့ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေထဲမှာလည်း စိတ်ဓါတ်ကျဆင်းမှုတွေဖြစ်ပွားနေပြီး အဖွဲ့အစည်းတွေကနုတ်ထွက်ဖို့ ကြိုးစားသူတွေ၊ နေရပ်ပြောင်းရွှေ့သူတွေ၊ အများအပြားရှိနေကြောင်း သိရှိရပါတယ်။

နအဖက စိတ်ဓါတ်ကျဆင်းနေတဲ့ လုံထိန်းရဲတပ်ဖွဲ့ဝင်တွေ၊ တပ်မတော်သားတွေ၊ ကြံ့ဖွံ့အဖွဲ့ဝင်တွေနဲ့ စွမ်းအားရှင်တွေကို စိတ်ဓါတ်ပြန်လည်မြှင့်တင်ပေးဖို့ ကြိုးပမ်းတဲ့အနေနဲ့ အမိန့်ကြေညာစာအမှတ် ၃၈၀/၂၀၀၇ ကို ထုတ်ပြန်ခဲ့ပြီး အရေးအခင်း ကာလအတွင်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြတဲ့ လုံထိန်းရဲတပ်ဖွဲ့ဝင်တွေ၊ စစ်သည်တွေ၊ ကြံ့ဖွံ့တွေနဲ့ စွမ်းအားရှင်တွေကို တဆင့်မြင့်ရာထူးတွေ၊ ဆုငွေနဲ့ နံမည်ကောင်းလက်မှတ်တွေ ချီးမြှင့်ပေးခဲ့ရပါတယ်။

ဒီအမိန့်ကြေညာချက်အရ ဆန္ဒပြသံဃာတော်တွေနဲ့ ကျောင်းသားပြည်သူတွေကို ရက်ရက်စက်စက် ရိုက်နှက်ပစ်ခတ်လူစုခွဲခဲ့ရတဲ့ လုံထိန်းရဲတပ်ခွဲတွေက တပ်ခွဲမှူးတွေကို ဒုရဲမှူးအဆင့်ကနေ ရဲမှူးတွေအဖြစ် တိုးမြှင့်ပေးခဲ့တာ တွေ့ရပါတယ်။ ရဲမှူးအဆင့် တိုးမြှင့်ချီးမြှောက်ခံရသူတွေထဲမှာ ရခိုင်ပြည်နယ် စစ်တွေအခြေစိုက် အမှတ်(၁၂) လုံထိန်းရဲတပ်ရင်းမှ ဒုရဲမှူးမျိုးဆွေ၊ ရခိုင်ပြည်နယ် မောင်တောအခြေစိုက် အမှတ်(၂) လုံထိန်းရဲတပ်ရင်းမှ ဒုရဲမှူး ထွန်းဦး၊ ရခိုင်ပြည်နယ် ဘူးသီးတောင်အခြေစိုက် အမှတ်(၁၃) လုံထိန်းရဲတပ်ရင်းမှ ဒုရဲမှူးလှိုင်ဝင်း၊ မန္တလေးတိုင်း ပုသိမ်ကြီးအခြေစိုက် အမှတ်(၄) လုံထိန်းရဲတပ်ရင်းမှ ဒုရဲမှူး ခင်ကျော်၊ မန္တလေးတိုင်း ပလိပ်အခြေစိုက် အမှတ်(၁၄) လုံထိန်းရဲတပ်ရင်းမှ ဒုရဲမှူး ရန်အောင်၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့အခြေစိုက် အမှတ်(၁၆)လုံထိန်းရဲတပ်ရင်းမှ ဒုရဲမှူး ခင်မောင်အေး၊ ပဲခူးတိုင်း တောင်ငူအခြေစိုက် အမှတ်(၁၁) လုံထိန်းရဲတပ်ရင်းမှ ဒုရဲမှူး ကျော်ဆွေ တို့ပါဝင်ကြောင်း သိရှိရပါတယ်။

အခြားအဆင့် လုံထိန်းရဲတပ်ဖွဲ့ဝင်တွေကိုလည်း ရာထူးတဆင့်စီ တိုးမြှင့်ပေးခဲ့တဲ့အပြင် "ရဲစွမ်းရည်ဆု" အဖြစ်နဲ့ တစ်ဦးကို ကျပ်တစ်သောင်းစီ ပေးအပ်ချီးမြှင့်ခဲ့တာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ် စစ်တွေမြို့က ဆန္ဒပြပွဲတွေမှာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ စစ်တွေအခြေစိုက် အမှတ်(၁၂) လုံထိန်းရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်(၂၇)ဦးကို အောက်တိုဘာလ (၁၇) ရက်နေ့မှာ ရာထူးတဆင့်စီ တိုးမြှင့်ပေးခဲ့ပြီး "ရဲစွမ်းရည်ဆု"အဖြစ် တစ်ဦးကို ကျပ်တစ်သောင်းစီ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်အခြေစိုက် လုံထိန်းရဲတပ်ရင်းတွေက ဆုချီးမြှင့်ခံရသူတွေထဲမှာ ရဲတပ်ကြပ်ကြီး စန်းညွန့်၊ ရဲတပ်ကြပ်ကြီး ဇော်မင်းထွန်း၊ ရဲတပ်ကြပ်ကြီး စံရွှေ၊ ရဲတပ်ကြပ် စိန်လှိုင်ဦး၊ ရဲတပ်ကြပ် သိန်းလှိုင်ဦး၊ ရဲတပ်ကြပ် နိုင်လင်း၊ ရဲတပ်ကြပ် မြင့်စိုး၊ ရဲတပ်ကြပ် သိန်းရွှေ၊ ရဲတပ်ကြပ် ကံသိန်း၊ ရဲတပ်ကြပ် အောင်မျိုးထွဋ်၊ ရဲတပ်ကြပ် ထွန်းလင်း၊ ရဲတပ်ကြပ် ကျော်ဝင်း၊ ရဲတပ်ကြပ် ဇော်ဟန်အေး၊ ရဲဒုတပ်ကြပ် ကျော်ဆန်းဦး၊ ရဲဒုတပ်ကြပ် အေးဟန်၊ ရဲဒုတပ်ကြပ် စောနောင်၊ ရဲဒုတပ်ကြပ် ကျော်စိုးနိုင်၊ ရဲဒုတပ်ကြပ် သန်းဇော်၊ ရဲဒုတပ်ကြပ် ရွှေမောင်း၊ ရဲဒုတပ်ကြပ် သက် အောင်ဇော်၊ ရဲတပ်သား မင်းမင်းဇော်၊ ရဲတပ်သား ဝင်းထွန်းနိုင်၊ ရဲတပ်သား ဝင်းလွင်၊ ရဲတပ်သား တင်ဝင်းဇော်၊ ရဲတပ်သား တင်ဝင်းလှိုင်၊ ရဲတပ်သား သိန်းအောင်၊ ရဲတပ်သား လှမျိုး၊ ရဲတပ်သား ရဲမင်းဇော်၊ ရဲတပ်သား တင့်နိုင်ဝင်း၊ ရဲတပ်သား ဇင်မျိုးဦး၊ ရဲတပ်သား တင်ထွန်းပိုင်၊ ရဲတပ်သား စောနောင်ထွန်း၊ ရဲတပ်သား သက်ဇော်၊ ရဲတပ်သား ဇော်ဝင်း၊ ရဲတပ်သား သန်းဇော်လတ်၊ ရဲတပ်သား တင်နိုင်ဦး၊ ရဲတပ်သား အောင်မျိုးပြည့်၊ ရဲတပ်သား မောင်မောင်ဆန်း၊ ရဲတပ်သား မင်းခိုင်၊ တို့ ပါဝင်တာကို တွေ့ရှိရပါတယ်။

မန္တလေးတိုင်းအတွင်းဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေမှာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့တဲ့ လုံထိန်းရဲတပ်ရင်း အမှတ်(၄)နဲ့ (၁၄)တို့က ဆုချီးမြှင့်ခံရတဲ့ ရဲတပ်ဖွဲ့ဝင်တွေထဲမှာ ရဲတပ်ကြပ်ကြီး အောင်ကြူ၊ ရဲတပ်ကြပ် မြင့်ဇော်ထွေး၊ ရဲတပ်ကြပ် အာကာကျော်၊ ရဲဒုတပ်ကြပ် အောင်ကျော်စိုး၊ ရဲတပ်သား တင်မျိုးသက်၊ ရဲတပ်သား အောင်သီဟ၊ ရဲတပ်သား ချိုနိုင်လွင်၊ ရဲတပ်သား ညွန့်ဝင်း၊ ရဲတပ်သား ခင်မောင်ထွန်း၊ ရဲတပ်သား ကျော်ဇံ၊ ရဲတပ်သား ငွေထွန်း တို့ပါဝင်ကြောင်း သိရှိရပါတယ်။

ရန်ကုန်တိုင်းအခြေစိုက် လုံထိန်းရဲတပ်ရင်းတွေအပါအဝင် ကျန်တဲ့ လုံထိန်းရဲတပ်ရင်းတချို့မှာလည်း အလားတူ ဆုချီးမြှင့်မှုတွေပြုလုပ်ခဲ့တဲ့အပြင် လုံထိန်းရဲတွေနဲ့အတူ စက်တဘာ်ဆန္ဒပြပွဲတွေကို အကြမ်းဖက်ဖြိုခွဲရာမှာ တက်ကြွစွာပါဝင်ခဲ့ကြတဲ့ တပ်မတော် တပ်ရင်းတပ်ဖွဲ့တွေက အရာရှိတွေ၊ အကြပ်တပ်သားတွေ၊ ကြံ့ဖွံ့အဖွဲ့ဝင်တွေ၊ ရယကအဖွဲ့ဝင်တွေနဲ့ စွမ်းအားရှင်တွေကိုလည်း ဆုငွေတွေနဲ့ နံမည်ကောင်းလက်မှတ်တွေ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

စက်တဘာ်ဆန္ဒပြပွဲတွေအတွင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ပြီး ဆုတောင်းမေတ္တာပို့ခဲ့ကြတဲ့ ရဟန်းသံဃာတော်တွေနဲ့ ကျောင်းသားပြည်သူတွေကို အထက်အမိန့်အတိုင်း ရက်ရက်စက်စက် အကြမ်းဖက်ဖြိုခွဲခဲ့တဲ့ တပ်ဗိုလ်တပ်သားတွေ အများအပြားရှိခဲ့သလို တချို့ ဘာသာတရား ရှိသေကိုင်းရှိုင်းတဲ့ တပ်ဗိုလ်တပ်သားတချို့ကတော့ သံဃာတော်တွေနဲ့ ပြည်သူ

တွေကို အကြမ်းမဖက်ချင်တဲ့အတွက် တတ်နိုင်သမျှရှောင်လွှဲနိုင်ဖို့ ကြိုးစားခဲ့ကြတာတွေလည်း ရှိခဲ့ကြောင်းသိရှိရပါတယ်။ မန္တလေးမှာတာဝန်ကျခဲ့တဲ့ တချို့တပ်မှူးတွေဆိုရင် တပ်ဦးကချီတက်လာတဲ့ သံဃာတော်တွေကို လက်အုပ်ချီရှစ်ခိုးပြီး ဆက်ပြီး မချီတက်ဖို့ တောင်းပန်လျှောက်ထားတာတွေလည်း ရှိခဲ့ပါတယ်။ မန္တလေးမှာ လုံခြုံရေးတာဝန်ကျခဲ့တဲ့ တပ်မ(၅၅) လက်အောက်ခံ ခလရ(၃)က ဗိုလ်ဝင်းထွန်းအောင် (ကြည်း /၄၂၂၇၁) ဆိုရင် သံဃာတော်တွေကို အကြမ်းမဖက်တဲ့အပြင် သောက်ရေသန့်၊ အချိုရည်နဲ့ စားသောက်စရာတွေကိုပါ ကပ်လှူပူဇော်ခဲ့တဲ့အတွက် အထက်အမိန့်ဖီဆန်မှုနဲ့ ဖမ်းဆီးအရေးယူဖို့ ကြပ်ပြေးစစ်ရုံးချုပ်က ဝရမ်းထုတ်တာကို ခံခဲ့ရပါတယ်။

သံဃာတော်တွေဦးဆောင်တဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေကြောင့် အဲဒီအချိန်က နအဖလက်နက်ကိုင်တပ်ဖွဲ့တွေအတွင်းမှာ စိတ်ဓါတ်ရေးရာအရ ရိုက်ခတ်မှုတွေရှိခဲ့ကြောင်း၊ သံဃာတော်တွေအနေနဲ့ တပြည်လုံးအတိုင်းအတာအထိ ပြန့်နှံ့လာတဲ့ ငြိမ်းချမ်းစွာဆန္ဒဖေါ်ထုတ်မှုတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စည်းကမ်းရှိရှိ နောက်ထပ်တစ်လလောက် အချိန်ဆွဲထားနိုင်မယ်ဆိုရင် တပ်မတော်အတွင်းမှာ ပြိုကွဲမှုတွေ၊ တန်ပြန်အာဏာသိမ်းမှုတွေအဆင့်အထိ ဖြစ်လာနိုင်တဲ့အလားအလာတွေ ရှိခဲ့ကြောင်း၊ ၁၉၈၇ခုနှစ်မှာ ဖြုတ်ထုတ်ဖယ်ရှားခံလိုက်ရတဲ့ နဝတဗိုလ်ချုပ်ဟောင်းတချို့က သုံးသပ်ခဲ့ကြပါတယ်။ နအဖ ဗိုလ်ချုပ်တချို့ကလည်း ဒီအချက်ကို သိမြင်သဘောပေါက်တဲ့အတွက် ဆန္ဒပြပွဲတွေကို စနစ်တကျ ဦးဆောင်နေတဲ့ သံဃာတော်တွေနဲ့ သံဃာတော်တွေရဲ့ဌာနချုပ်ဖြစ်တဲ့ ကျောင်းတိုက်တွေကို အရင်ဆုံးစတင်ချေမှုန်းပြီး လူထုကို ဦးဆောင်မှုမဲ့သွားအောင်၊ ဆန္ဒပြပွဲတွေကို ပရမ်းပတာဖြစ်သွားအောင် လက်ဦးမှုရှိရှိ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

အခုလည်း နအဖဗိုလ်ချုပ်တွေမှာ သံဃာတော်တွေနဲ့ ပြည်သူလူထုရဲ့ တောင်းဆိုချက်တွေကို လိုက်လျောဖြည့်ဆည်းပေးနိုင်တဲ့အနေအထား မရှိတဲ့အတွက် သံဃာတော်တွေနဲ့ ပြည်သူတွေဟာ နောက်တစ်ကြိမ် အရှိန်အဟုန်နဲ့ ထပ်မံအုံကြွလာနိုင်တယ်လို့ ပြည်တွင်းပြည်ပ လေ့လာသူတွေက သုံးသပ်နေကြပါတယ်။ နအဖ ဗိုလ်ချုပ်တွေကလည်း အလားတူ သုံးသပ်ထားပြီး ကြိုတင်ပြင်ဆင်မှုတွေကို တက်သုတ်ရိုက် ပြုလုပ်နေတာ တွေ့ရှိရပါတယ်။ နအဖဗိုလ်ချုပ်တွေက ကြားခံ ဆက်သွယ်ရေးဝန်ကြီးတစ်ဦးကို ခန့်အပ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ စတင်ပြုလုပ်နေပါပြီ၊ ကုလသမဂ္ဂနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိပါပြီလို့ ပြည်တွင်းပြည်ပကို လိမ်ညာပြောဆို၊ အချိန်ဆွဲထားပြီး လက်တွေ့မှာတော့ သံဃာတော်တွေနဲ့ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေကို ဆက်တိုက် ရှာဖွေဖမ်းဆီးနေတာ၊ ဘုန်းတော်ကြီးကျောင်းတိုက်တွေကို ဝင်ရောက်စီးနင်း သိမ်းပိုက်ပြီး ချိတ်ပိတ်နေတာတွေကိုသာ တွေ့မြင်နေရပါတယ်။

ဒီလိုလုပ်နေတာဟာ နောက်တစ်ကြိမ်ဆန္ဒပြမှုတွေ ထပ်မံမပေါ်ပေါက်လာနိုင်အောင် အဓိကကျတဲ့ ဦးဆောင်သူတွေကို လက်ဦးမှုယူ ချေမှုန်းနေတာ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ တပြည်လုံးမှာရှိတဲ့ လုံထိန်းရဲတပ်ရင်း (၁၆)ရင်းကိုလည်း စစ်ထွက် အင်အား (၄၀၀)ပြည့်အောင် အင်အားဖြည့်တင်းမှုတွေ အကြီးအကျယ် ပြုလုပ်နေပါတယ်။ လုံထိန်းရဲတပ်ရင်းတွေမှာ တပ်ဆင်ပေးထားတဲ့ ဒုတ်၊ ဒိုင်း၊ လေးခွ၊ ဂျင်ကလိ၊ လျှပ်စစ်ကျင်စက်၊ ၁၂ ဘို့ ဂရီနာ ပြောင်းချောသေနတ်၊ မီးခိုးဖြူ လက်ပစ်ဗုံး၊ စိန်ရောင်ခြည် လက်ပစ်ဗုံး၊ နံပါတ်(၃၇) (၃၈) အမျိုးအစား ၄၀မီလီမီတာ မျက်ရည်ယိုဗုံးပစ်သေနတ်တွေ၊ **M-16, M-22,** ကာဘိုင်သေနတ်တွေနဲ့ ခဲယမ်းတွေကိုလည်း ပေးပို့ဖြည့်တင်းနေတာ တွေ့ရပါတယ်။ နောက်တစ်ကြိမ် လူထုအုံကြွမှုတွေပေါ်ပေါက်လာခဲ့ရင် သက်ဆိုင်ရာစစ်တိုင်းနယ်မြေအလိုက် နိုင်နိုင်နင်းနင်း နှိပ်ကွပ်ချေမှုန်းနိုင်ဖို့အတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့တွေက ထုတ်နှုတ်အင်အားတွေနဲ့ စွမ်းအားရှင်တွေကိုပါ အောက်တိုဘာလလည်ပိုင်းကစပြီး အဓိကရုဏ်းနှိမ်နင်းရေးသင်တန်းတွေ ဆက်တိုက်ပို့ချပေးနေတာ တွေ့ရပါတယ်။

နအဖက ဒီလိုတက်သုတ်ရိုက် ပြင်ဆင်နေပေမဲ့ သံဃာတွေနဲ့ပြည်သူတွေကို အကြမ်းဖက် ရိုက်နှက်ပစ်ခတ် သတ်ဖြတ်ဖို့အတွက် လုံထိန်းရဲတပ်ဖွဲ့တွေနဲ့ တပ်မတော်သားတွေအတွင်းမှာ ဝန်လေးနေကြပါတယ်။ လုံထိန်းရဲတပ်ရင်းတွေကို အင်အားဖြည့်တင်းဖို့အတွက် ပြောင်းရွှေ့မိန့်ထုတ်ခံရတဲ့ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့တွေက ရဲအရာရှိတွေနဲ့ ရဲတပ်သားတွေအကြားမှာ ငြင်းဆန်တာတွေ၊ ထွက်ပြေးတာတွေနဲ့ ကိုယ့်ကိုယ်ကို သတ်သေတာတွေ ဆက်တိုက် ဖြစ်ပွားနေကြောင်း သိရှိရပါတယ်။ လုံထိန်းရဲတပ်ရင်းတွေကို ပြောင်းရွှေ့မိန့်ထုတ်ခံရတဲ့ ရဲအရာရှိတွေက လုံထိန်းရဲတပ်ရင်းတွေကလွဲရင် ဘယ်လောက် ဝေးလံခေါင်ကျတဲ့ဒေသဖြစ်ပါစေ၊ သူတို့ သွားရောက်တာဝန်ထမ်းဆောင်ပါရစေလို့ ရဲချုပ်ရုံးကို အသနားခံ တင်ပြတင်ခဲ့ကြပါတယ်။

ရဲချုပ်ရုံးက ဒီသနားခံစာတွေကို ပယ်ချခဲ့တဲ့အပြင် အထူးအစီအစဉ်တစ်ရပ်အရ တာဝန်နဲ့သင့်လျော်သူတွေကို စီစစ်ရွေးချယ်ပြီး ခန့်အပ်နေတာဖြစ်လို့ သူရဲဘောကြောင်တဲ့ ရဲအရာရှိတွေရဲ့လုပ်ရပ်တွေကို လုံးဝ လက်မခံနိုင်ကြောင်း၊ ဒါ့ကြောင့် တာဝန်ရှိ သူအဆင့်ဆင့်အနေနဲ့ ပြောင်းရွှေ့ခံရသူ ရဲအရာရှိတွေရဲ့ အသနားခံစာတွေကို ထောက်ခံပေးခြင်းမပြုကြဖို့နဲ့ ရဲချုပ်ရုံးအထိ တင်ပြခြင်းမပြုလုပ်ကြဖို့၊ အထက်ကယုံကြည်လို့ပေးအပ်တဲ့ အမိန့်နဲ့တာဝန်တွေကို သူရဲဘောကြောင်စွာ ရှောင်လွှဲဖို့

ကြိုးပမ်းသူတွေကို စံပြအဖြစ်နဲ့ ပြင်းပြင်းထန်ထန် အရေးယူပြကြဖို့ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးတွေကို ရဲချုပ်ရုံးက ညွှန်ကြားခဲ့ပါတယ်။ ဒီလို အကျပ်ကိုင်ခံရပြီး လုံထိန်းရဲတပ်ရင်းတွေကို အတင်းအကျပ် ပြောင်းရွှေ့ခံလိုက်ရတဲ့ ရဲအရာရှိတွေအနက် အောက်တိုဘာ(၁၅)ရက်နေ့မှာ မန္တလေးခရိုင်ရဲတပ်ဖွဲ့ကနေ ပြည်မြို့ အခြေစိုက် ရဲတပ်ရင်း(၁၀)ကို ပြောင်းရွှေ့လာခဲ့တဲ့ ရဲအုပ်ခင်ဦး (လ/၁၇၃၁၀) ကတော့ စိတ်ဓါတ်ကျပြီး နိုဝင်ဘာလ(၈)ရက်နေ့ မနက်စောစောမှာ သူကိုင်ဆောင်တဲ့ ပစ္စတိုသေနတ်နဲ့ သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တာ တွေ့ရပါတယ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ ပဲခူးတိုင်းအရှေ့ခြမ်း အခြေစိုက် တပ်ရင်းတပ်ဖွဲ့တွေက ထုတ်နှုတ်စုဖွဲ့ထားတဲ့ လုံထိန်းအရံတပ်ဖွဲ့တွေက စစ်သည်တချို့ဟာလည်း **KNU** ရှေ့တန်းစခန်းတွေကို ထွက်ပြေးရောက်ရှိလာနေကြသလို၊ ရန်ကုန်အပါအဝင် မြို့ကြီးတချို့က ကြံ့ဖွံ့အဖွဲ့ဝင်တချို့ဟာလည်း ထိုင်းနိုင်ငံ မဲဆောက်မြို့ကို ထွက်ပြေးလာနေကြတာ တွေ့ရှိရပါတယ်။

ဒီအချက်အလက်တွေအရ နအဖတပ်က စစ်သည်တွေနဲ့ ရဲတပ်ဖွဲ့ဝင်အများစုဟာ အထက်က အတင်းအကျပ်ပေးအပ်တဲ့ အမိန့်ကြောင့်သာ သံဃာတွေနဲ့ ပြည်သူတွေကို မလွှဲမရှောင်သာ အကြမ်းဖက်နှိပ်ကွပ်ခဲ့ကြရပေမဲ့ သူတို့လည်း အသိဉာဏ်ရှိတဲ့ လူသားတွေပီပီ၊ ဗုဒ္ဓဘာသာဝင်တွေပီပီ ဘဝသံသရာအဆက်ဆက် ဝဋ်ခံရမဲ့ ဒီလို “အကုသိုလ်” အလုပ်မျိုးတွေကို မလုပ်ချင်ကြဘူးဆိုတာ ထင်ရှားပါတယ်။

စစ်အာဏာရှင် နအဖဗိုလ်ချုပ်ကြီးတွေကတော့ အဝိဇ္ဇာတွေ၊ တဏှာတွေ၊ ဖုံးလွှမ်းနေပြီမို့ ဓမ္မနဲ့ အဓမ္မကို ခွဲခြားသိနိုင်စွမ်းမရှိတော့ပဲ နောက်ဆုံးအချိန်အထိ တွင်းတူးမိုက်မဲ့လမ်းကြောင်းကို ရွေးချယ်ထားကြပြီး ဖြစ်ပါတယ်။ နအဖဗိုလ်ချုပ်ကြီးတွေမှာ လူစိတ်တွေ ပျောက်ကွယ်နေကြပေမဲ့ မြန်မာ့တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဝင်တွေအတွင်းမှာတော့ လူစိတ်ရှိသူတွေ အများအပြား ရှိနေသေးတာမို့ ဒီလူတွေကို ပြည်သူလူထုဘက်၊ အမှန်တရားဘက်၊ ရပ်တည်ကူးပြောင်းလာအောင် စိတ်ရှည်ရှည်ထားပြီး နည်းလမ်းပေါင်းစုံနဲ့ ဆက်လက်စည်းရုံးသွားကြဖို့ သုံးသပ်တင်ပြအပ်ပါတယ်။ ။

---

***End of report/ Sunday, December 02, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---